ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၂၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၄-၇-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရွှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်ပခရီးစဉ်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ တိုက်ကွမ်ဒို အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဝင်းအတိုင်း။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဝင်းအတိုင်း။ ဦးဌေးတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဝင်းအတိုင်း။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဝင်းအတိုင်းနှင့် ဗိုလ်မှူးကြီးအောင်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဝယ်လိုအားကောင်းသော ချင်းပြည်နယ်ထွက် ဝဋ္ဌ(ခေါ်)ဖျံ့ဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် က ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဝယ်လိုအားကောင်းသော ချင်းပြည်နယ်ထွက် ဝဋ္ဌ(ခေါ်)ဖျံ့ဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းသွားမယ့် မေးခွန်းကတော့ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းတဲ့ ချင်းပြည်နယ် ထွက် ဝဋ္ဌ(ခေါ်)ဖျံ့ဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့ပေးနိုင်အောင် ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကြောင်းအရင်းအနေနဲ့ကတော့ ချင်းပြည်နယ်မှာ စီးပွားဖြစ်ထုတ်လုပ်နိုင်တဲ့ ဒေသထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိခဲ့တဲ့အတွက် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြတဲ့ ကျေးလက်နေပြည်သူအများစုဟာ အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးတဲ့အတွက် နိုင်ငံတကာကို အလုပ်သမားအဖြစ် ထွက်ပြီးတော့ စားဝတ်နေရေးကို ဖြေရှင်းကြရတဲ့အတွက် လူ့အရင်းအမြစ်တွေလည်း ဆုံးရှုံးလျက်ရှိပြီးတော့ တစ်နိုင်ငံလုံးမှာလည်း ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး ပြည်နယ်ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ယခုအချိန်မှာဆိုရင်တော့ သဘာဝကပေးတဲ့ လက်ဆောင်လို့ ပြောရမယ့် ဝဥ(ခေါ်) ဖျံဥကို စိုက်ပျိုးထုတ်လုပ်ကြတဲ့အတွက် လူမှုစီးပွားဘဝအထိုက်အလျောက် ရှိလာပြီဖြစ်ပါတယ်။ ဒါပေမယ့်လည်း အရည်အသွေးမြင့်ပြီးတော့ နိုင်ငံခြားကို တင်ပို့နိုင်တဲ့ ပို့ကုန်အဖြစ် ဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲနဲ့ ကုန်ကြမ်းအဖြစ်သာ တင်ပို့ရတဲ့အတွက် ရသင့်ရထိုက်တဲ့ ဈေးနှုန်းတွေကို မရရှိနိုင်သေးတာကို တွေ့ရပါတယ်။ တကယ်လို့သာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဝဥ(ခေါ်) ဖျံဥကို အော်ဂဲနစ်သီးနှံ ကုန်ချောအဖြစ် ထုတ်လုပ်နိုင်အောင် ပံ့ပိုးဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် နိုင်ငံတော်ကလည်း နိုင်ငံခြားဝင်ငွေ ရရှိမယ့်အပြင် အမှန်တကယ် ဝဥစိုက်ပျိုးနေတဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်၊ မင်းတပ်မြို့တို့မှာ ဝဥစိုက်နေတဲ့ တောင်သူတွေအတွက်သော်လည်းကောင်း၊ ဝဥ နှင့် ပတ်သက်ပြီးတော့ ရောင်းဝယ်ကူးသန်းနေကြတဲ့ ဆက်စပ်လုပ်ငန်း လုပ်ကိုင်နေတဲ့သူတွေ အဆင်ပြေလာမှာဖြစ်ပြီးတော့ ဒေသအတွင်းမှာလည်း ငွေကြေးစီးဆင်းလည်ပတ်မှု ကောင်းလာမယ်ဖြစ်ပြီးတော့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပြီးတော့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ မူဝါဒမှာလည်း မြန်မာနိုင်ငံဟာ ဒေသတွင်းကုန်သွယ်မှု၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေး၊ မြန်မာ့စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်းဖြင့် ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး၊ မြန်မာ့ကုန်သွယ်မှုနှင့် ပို့ကုန်များကို တိုးမြှင့်နိုင်ရေးတို့ကို ရည်မှန်းထားပြီး မြန်မာပြည်တွင် ပြုလုပ်သည်ဟူသော တံဆိပ်တပ်နိုင်ရေးသည် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရဲ့ အဓိကရည်မှန်းချက်ဖြစ်တယ်လို့လည်း မူဝါဒတွေအရ သိရှိရပါတယ်။ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်နှင့် မင်းတပ်မြို့နယ်တို့မှထွက်ရှိတဲ့ ဝဥများဟာ အရည်အသွေးကောင်းမွန်ပြီးတော့ Organic ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံက ဝဥအရည်အသွေးဟာ အင်ဒိုနီးရှားနိုင်ငံမှာထွက်တဲ့ ဝဥအရည်အသွေးထက် ပိုမိုကောင်းမွန်တဲ့အတွက် ၂၀၁၂ ခုနှစ်မှာ (၁)တန်ကို အမေရိကန်ဒေါ်လာ(၈၀၀)လောက်သာ ရှိခဲ့ရာကနေ ယခုနှစ်မှာဆိုလို့ရှိရင် (၁)တန်ကို အမေရိကန်ဒေါ်လာ(၂၅၀၀)အထိဖြစ်ပြီးတော့ လိုသလောက်မရရှိနိုင်ဘူးဆိုတဲ့ သတင်းကို ၁-၁-၂၀၁၈ မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား မေးမြန်းလိုတာကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ မူဝါဒရည်မှန်းချက်တွေအရ ချင်းပြည်နယ်အတွင်းမှာ ဆောင်ရွက်တဲ့လုပ်ငန်းတွေကို သိရှိလိုပါတယ်။ ကန်ပက်လက်မြို့နယ်နှင့် မင်းတပ်မြို့နယ်အတွင်းမှာ အမှန်တကယ်ပြည်ပပို့ကုန်အဖြစ် ပို့နိုင်တဲ့ ဝဥ(ခေါ်)ဖျံဥကို ချင်းပြည်နယ်တွင် ထုတ်လုပ်သည်ဟူသော တံဆိပ်တပ်ပြီးတော့ ပို့နိုင်ရေးအတွက် မည်ကဲ့သို့ ပံ့ပိုးဆောင်ရွက်မှုတွေကို ပြုလုပ်သွားမည်ဆိုတဲ့ဟာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်ဆွေလွင် ရဲ့ ဂျပန်နှင့် တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းသော ချင်းပြည်နယ်ထွက် ဝဥ(ခေါ်)ဖျံဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူး က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု ရှင်းလင်းပြသခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဝဥ(ခေါ်)ဖျံဥ အခြောက်များကို ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှလည်းကောင်း၊ ဝဥအမှုန့်ကို ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် UAE နိုင်ငံများသို့လည်းကောင်း၊ ဝဥ အစို၊ အခြောက်နှင့် အမှုန့်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့်လည်းကောင်း တင်ပို့လျက်ရှိပါတယ်။ သို့သော်လည်း ပြည်ပသို့ ဝဥများ တင်ပို့နိုင်မှုအခြေအနေကို ကြည့်ရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ တန်ချိန်(၅၅၈၄.၇)တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၀.၀၁)သန်း ဖြစ်သော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ တန်ချိန်(၁၇၈၄.၃)တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၃.၀၈)သန်းသို့ လျော့ကျလာတာကို တွေ့ရပါတယ်။

၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့ ဝဥပို့ကုန်ဟာ တန်ချိန်(၂၅၅၈.၆)တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ(၃.၈၇)သန်းသို့ ပြန်လည်တိုးတက်လာခဲ့ပါတယ်။ ဝဥ(ခေါ်)ဖျံဥကို ပြည်တွင်းထုတ်လုပ်မှု တိုးတက်ရန်နှင့် ပြည်ပပို့ကုန်အဖြစ် ပိုမိုတိုးချဲ့ တင်ပို့နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းခွဲများကို ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့နှင့် ကန်ပက်လက်မြို့များတွင် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့များဟာ ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်တဲ့ Dana Facility နဲ့ UK Aid နဲ့ ချင်းပြည်နယ် အစိုးရအဖွဲ့တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီမြို့နယ်များမှာ ဝဥ(ခေါ်)ဖျံဥ တန်ဖိုးမြင့် ကွင်းဆက်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ထွက် ဝဥများကို အရည်အသွေးမြင့် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ Victory Garden ကုမ္ပဏီရဲ့ ကန်ပုလဲစက်ရုံက ဝဥအခြောက်ခံစက်ကို ယခုနှစ်အတွင်း စတင်ဆောင်ရွက်နေပါတယ်။ ဝဥကို ဆေးကြောခြင်း၊ ပါးပါးလှီးဖြတ်ခြင်း၊ အခြောက်ခံခြင်းများကို စက်ဖြင့်ဆောင်ရွက်လျက်ရှိပြီး လက်ရှိအခြေအနေမှာ လျှပ်စစ်မီး မလုံလောက်၍ နေရောင်ခြည်သုံး အခြောက်ခံစက်ဖြင့် အခြောက်ခံ ဆောင်ရွက်လျက်ရှိပါတယ်။ အခြောက်ခံစက် လုံလောက်မှုရှိစေရန် တစ်နေ့လျှင် ကုန်အစို (၂၀)တန်ကျ အခြောက်ခံစက်ရုံတစ်ရုံကို လာမယ့်နှစ်တွင် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါတယ်။ စက်ဖြင့်အခြောက်ခံဆောင်ရွက်ခြင်းဟာ ဝဥအခြောက်ရဲ့ Glucomannan ဓာတ်ပါဝင်မှုကို (၄၀၀၀)မှ (၂၀၀၀၀)အထိ တိုးတက်ပါဝင်လာနိုင်တဲ့အတွက် ဈေးနှုန်းမှာလည်း လက်ရှိဈေးထက် တစ်ဆခွဲခန့် ပိုမိုရရှိစေမှာဖြစ်ပါတယ်။

ဝဥအသုံးပြုမှုနည်းပညာ တိုးတက်လာစေရေးအတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်း၍ ချင်းပြည်နယ် ဟားခါးမြို့တွင် လုပ်ငန်းရှင်(၁၀၀)ဦးအား ဝဥအခြောက်ခံခြင်းနှင့် ဝဥတုံ့ ထုတ်လုပ်ခြင်းနည်းပညာများကို ပံ့ပိုးခဲ့ပါတယ်။ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် UK Aid တို့ရဲ့ အထောက်အပံ့ဖြင့်လည်း ချင်းပြည်နယ် ပလက်ဝမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့နှင့် ကန်ပက်လက်မြို့များတွင် ဝဥ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာပံ့ပိုးပေးခြင်း၊ ဝဥဆေးစက်၊ ဝဥဖြတ်စက်နှင့် အခြောက်ခံစက်များအား မိတ်ဆက်ပေးပြီး ဝဥခြောက်နှင့် ဝဥခေါက်ဆွဲများ ထုတ်လုပ်နိုင်မည့်နည်းပညာများကို ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်မှာပါရှိတဲ့ ချင်းပြည်နယ်မှာထွက်ရှိတဲ့ ဝဥ (ခေါ်)ဖျံ့ဥကို ချင်းပြည်နယ်တွင် ထုတ်လုပ်သည်ဟု တံဆိပ်တပ်တင်ပို့နိုင်ရေးနှင့် ပတ်သက်လို့လည်း တရုတ်နိုင်ငံ၊ ကူမင်းမြို့၊ နန်နင်းမြို့နှင့် မြန်မာ-တရုတ်နယ်စပ် ကုန်စည်ပြပွဲများမှာ ချင်းပြည်နယ်မှ ထွက်ရှိတဲ့ ဝဥကို ပြည်နယ်ထွက်ကုန်အဖြစ် ပြသခဲ့ပါတယ်။ ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနဲ့ စက်မှုဝန်ကြီးဌာနများက ကျင်းပတဲ့ ပြည်နယ်၊ တိုင်းဒေသကြီးဒေသထွက် ကုန်ပစ္စည်းပြပွဲများ အသေးစားနှင့် အလတ်စားပြပွဲနှင့် ပြိုင်ပွဲများမှာလည်း ချင်းပြည်နယ်ကထွက်ရှိတဲ့ ဝဥ(ခေါ်)ဖျံ့ဥ ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပပို့ကုန် မြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဝဥကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေးအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ရဲ့ တရားဝင် တင်သွင်းခွင့်ပြုတဲ့ ကုန်စည်စာရင်းတွင် ပါဝင်လာနိုင်စေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သံတမန်လမ်းကြောင်းမှ တရုတ်နိုင်ငံနဲ့တစ်ဆင့် ချိတ်ဆက်ညှိနှိုင်းထားရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ထွက် ဝဥ (ခေါ်)ဖျံ့ဥကို ပြည်ပမှ ဝယ်လိုအား ရှိနေတဲ့အတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိလာခြင်း၊ ဝဥပါးလွှာစက်များ၊ အခြောက်ခံစက်နှင့် အမှုန့်ကြိတ်စက်များ ဝယ်ယူရရှိနိုင်မည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ အသင်းအဖွဲ့များ ပိုမိုအားကောင်းလာစေခြင်း၊ သက်ဆိုင်ရာ ဝန်ကြီး

ဌာနများအနေဖြင့် ဝဥ(ခေါ်)ဖျံဥကို တန်ဖိုးမြင့် ကွင်းဆက်လုပ်ငန်းများနှင့်ပတ်သက်၍ ဈေးကွက်နှင့် နည်းပညာတိုးတက်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ချင်းပြည်နယ်ထွက် ဝဥ(ခေါ်) ဖျံဥ ပို့ကုန်ဟာ အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် ပိုမိုတိုးတက်လာမှာဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်း များဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးမြို့ကို မြို့တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန် အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ အမြန်ဆုံး မြို့ပြစီမံကိန်း ရေးဆွဲရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးမြို့ကို မြို့တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန် အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အမြန်ဆုံး မြို့ပြစီမံကိန်း ရေးဆွဲရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံး ကိုယ်စိတ်နှလုံး ချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးကျေးရွာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်၏ ၁၃-၉-၂၀၁၇ နေ့စွဲပါ အမိန့်အမှတ် (၁၁၆၇/၂၀၁၇)ဖြင့် မကွီးအိမ်နူးရပ်ကွက်၊ ထိန်ပြုံးရပ်ကွက်၊ ကြုံလောင်းရပ်ကွက်၊ ဗွိနူးရပ်ကွက်စသဖြင့် (၄)ရပ်ကွက်ဖြင့် မကွီးအိမ်နူးမြို့အဖြစ် တိုးချဲ့ပြင်ဆင်ရန် ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီလကုန်ပိုင်းက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးအဖွဲ့မှ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ရာ မကွီးအိမ်နူးရပ်ကွက် (၅၈၆၇)ဧက၊ ထိန်ပြုံး ရပ်ကွက်(၅၂၈၈)ဧက၊ ဗွိနူးရပ်ကွက်(၁၀၁၅)ဧက၊ ကြုံလောင်းရပ်ကွက်(၅၀၄၁)ဧက၊ စုစုပေါင်း

(၁၇၂၁၁)ဧကေ ရှိပါတယ်။ အိမ်ခြေအားဖြင့် မက္ကီအိမ်နှီးရွာ (၁၀၇)အိမ်၊ ကြုံလောင်းရွာ(၅၁)အိမ်၊ ထိန်ပြုံးရွာ(၂၆)အိမ်၊ စုစုပေါင်း(၁၈၄)အိမ်ရှိပြီး လူဦးရေအားဖြင့် (၁၁၀၈၂)ဦးရှိပါတယ်။ မက္ကီအိမ်နှီးမြို့တွင် ရဲစခန်း(၁)ခု၊ အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ မူလွန်(၁)ကျောင်း၊ မူလတန်းကျောင်း(၁)ကျောင်းရှိပြီး ကျောင်းသားဦးရေမှာ (၃၁၂)ဦးရှိပါတယ်။ ကျန်းမာရေးမှူးရှိပြီး ကျန်းမာရေးဌာန(၁)ခုလည်းရှိပါတယ်။ ၎င်းအပြင် မြို့တည်ဆောက်ပါက သက်ဆိုင်ရာ ဌာနဆိုင်ရာမြေနေရာများကိုလည်း ချထားရေးဆွဲရမှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ မြို့တည်ဆောက်ရေးလုပ်ငန်းကို အမြန်ဆုံး လုပ်ဆောင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အမြန်ဆုံး မြို့ပြစီမံကိန်းရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ မော်ဟွေ့ - နောင်ဟော့ ကွင်းအမှတ်(၁၁) ကုန်ထုတ်လမ်း (၃)မိုင် (၄)ဖာလုံနှင့် ဟင်းနား - မော်ဟွေ့ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း (၃)မိုင် (၁) ဖာလုံတို့ကို ရာသီမရွေး ဆက်သွယ်သွားလာ အသုံးပြုနိုင်မည့် ကျောက်ချောလမ်းများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။　　　။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ မော်ဟွေ့ - နောင်ဟော့ ကွင်းအမှတ်(၁၁) ကုန်ထုတ်လမ်း (၃)မိုင် (၄)ဖာလုံနှင့် ဟင်းနား - မော်ဟွေ့ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း (၃)မိုင် (၁)ဖာလုံတို့ကို ရာသီမရွေး ဆက်သွယ်သွားလာ အသုံးပြုနိုင်မည့် ကျောက်ချောလမ်းများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။　　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၊ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တောင်သူဦးကြီးများ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအစုစု ရာသီမရွေး ထောက်ပံ့ကူညီပေးနိုင်မည့် ကျေးလက်ကုန်ထုတ် ကျောက်ချောလမ်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နေရာဒေသအသီးသီး၌ စက်စွမ်းအားဖြင့် ရာသီမရွေးထွန်ယက်စိုက်ပျိုး လုပ်ကိုင်ကြပြီးဖြစ်ပါတယ်။ သီးထပ်သီးညှပ်များအဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်ကြသည့်အဆင့်သို့ ရောက်ရှိလာပြီး ဖြစ်ပါတယ်။ ထို့ကြောင့် ဆက်သွယ်သွားလာကြရာ လမ်းကြောင်းသည် များစွာ အရေးပါလာပါတယ်။ ကုန်ထုတ်

လုပ်ငန်းများအတွက် ရာသီမရွေးသွားလာနိုင်မည့် လမ်းကြောင်းမျိုး လိုအပ်ပါတယ်။ သို့မှသာ အချိန်မီ ထွန်ယက်စိုက်ပျိုးလုပ်ကိုင် ကြရမှာဖြစ်ပါတယ်။ ယနေ့ခေတ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးလက်ကုန်ထုတ် ကျောက်ချောလမ်းများ ဆောင်ရွက်ပေးမည့်စီမံချက်ကြောင့် တောင်သူဦးကြီး များအတွက် အထူးဝမ်းသာဂုဏ်ယူဖွယ်ဖြစ်ကြရပြီး ရွှံ့ဗွက်၊ တောဗွက် လမ်းမကြီးများမှ မမျှော်လင့်ရဲတဲ့ ကျောက်ချောလမ်းများ ဖြစ်လာတော့မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်ကို အခြေပြု၍ နေထိုင်လုပ်ကိုင်စားသောက်နေကြရတဲ့ ကျေးလက် နေတောင်သူများအတွက် အောက်ပါ ကျေးလက်လမ်းကြောင်းနှစ်ခုကို ကျောက်ချောကုန်ထုတ်လမ်း အဖြစ် ဆောင်ရွက်ရန် ရွေးချယ်ထားပါတယ်။ မော်ဟွေ့ - နောင်ဟော့ ကွင်းအမှတ်(၁၁) ကုန်ထုတ်လမ်း (၃)မိုင် (၄)ဖာလုံ၊ ဟင်းနားရွာ၊ မော်ဟွေ့ရွာ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း (၃)မိုင် (၁)ဖာလုံတို့ ဖြစ်ကြပါတယ်။ ၎င်းလမ်းများသည် ကျေးလက်ဒေသကို ဗဟိုပြုပြီး သီးနှံမျိုးစုံထုတ်လုပ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်လှပါသဖြင့် ဦးစားပေးအဆင့်အဖြစ် ဆောင်ရွက် ပေးရန် တင်ပြမေးမြန်းအပ်ပါတယ်။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်အခြေပြု ကျေးလက်တောင်သူများ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် ရာသီမရွေး ဆက်သွယ်သွားလာ အသုံးပြုနိုင်မည့် ကျေးလက်ကုန်ထုတ် ကျောက်ချောလမ်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရွှေဘိုမြို့မှ မြစ်ကြီးနားမြို့သို့သွားရာ ဗျူဟာလမ်းမကြီးနှင့် ခင်ဦးမြို့သို့ ဆက်သွယ်ထားသောလမ်း (၆)မိုင် (၄)ဖာလုံ၊ ခင်ဦးမြို့နှင့် ရေဦးမြို့နယ်သို့ ဆက်သွယ်ထားသော လမ်း (၁၂)မိုင် (၃)ဖာလုံတို့အား (၁၂) ပေအကျယ်မှ (၁၈) ပေအကျယ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး က ရွှေဘိုမြို့မှ မြစ်ကြီးနားမြို့သို့သွားရာ ဗျူဟာလမ်းမကြီးနှင့် ခင်ဦးမြို့သို့ ဆက်သွယ်ထားသောလမ်း (၆)မိုင် (၄)ဖာလုံ၊ ခင်ဦးမြို့နှင့် ရေဦးမြို့နယ်သို့ ဆက်သွယ်ထားသော လမ်း (၁၂)မိုင် (၃)ဖာလုံတို့အား (၁၂)ပေအကျယ်မှ (၁၈)ပေအကျယ် လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများ အားလုံးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မေးခွန်းမှာပါတဲ့ ခင်ဦးမြို့ဟာ မန္တလေး-မြစ်ကြီးနား သွားတဲ့ ရထားလမ်းဘေးမှာ တည်ရှိတဲ့ မြို့ငယ်လေးတစ်ခု ဖြစ်ပါတယ်။ ဘယ်ခေတ်ဘယ်အခါမှလည်း လူစွမ်းကောင်းတွေ သိပ်မပေါ်ခဲ့လို့ ချီးမြှောက်ခြင်း ခံစားမှုမရခဲ့တဲ့မြို့ငယ်လေးဆိုရင်လည်း မမှားပါဘူး။ ဒီမြို့ငယ်လေးကိုသွားမယ့် မော်တော်ကားလမ်းဟာဆိုရင် ရွှေဘို-မြစ်ကြီးနားကို ဆက်သွယ်ထားတဲ့ မဟာဗျူဟာကျတဲ့ ပြည်ထောင်စုလမ်းမကြီးနှင့် (၆)မိုင် (၄)ဖာလုံ ဝေးသလို ရေဦးမြို့နှင့် (၁၂)မိုင် (၃)ဖာလုံ ဝေးပါတယ်။ ဒီလမ်းတွေဟာ အရင်ကတော့ မော်တော်ကားတွေကလည်း ခုလောက်ကြီးကြီးမားမားမရှိသလို ဆိုင်ကယ်၊ ထော်လာဂျီ စသဖြင့် မော်တော်ယာဉ်တွေကလည်း များများစားစား သွားလာတာမရှိတဲ့အတွက် ပြဿနာသိပ်မရှိလှပါဘူး။ အခုတော့ (၁၂)ဘီးကားတွေ၊ (၂၂)ဘီးကားတွေ၊ အမြန်ကားကြီးတွေဖြစ်တဲ့ Express အမြန်ကားကြီးတွေလို ကားကြီးတွေနှင့် အရှောင်အတိမ်း လုပ်ရတဲ့ကိစ္စတွေဟာ အင်မတန်မှ အန္တရာယ်ကြီးမားလှပါတယ်။ လမ်းပခုံးသားတွေ မကောင်းသလို ကတ္တရာလမ်းတွေဟာလည်း ပေါက်ပြဲမှုတွေ ရှိနေပါတယ်။

အရင့်အရင်နှစ်တွေကတော့ ဒေသခံတွေက ပြောကြပါတယ်။ ကျွန်တော်တို့ လမ်းတွေက နှစ်တိုင်း ပြင်ပါတယ်ဗျား။ ဒါပေမယ့်လို့ နှစ်တိုင်းလည်း ပျက်နေတာပါပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီနေ့ဒီအချိန်အခါမှာ အခုလို ခရီးသိပ်မရှည်လှတဲ့လမ်းတွေဟာ အမြန်ဆုံး ပြုပြင်ပြောင်းလဲဖို့လည်း လိုအပ်နေပါပြီ။ အဲဒီတော့ (၆)မိုင် (၄)ဖာလုံ၊ (၁၂)မိုင် (၃)ဖာလုံ ဒီလမ်းခရီးဟာ တကယ်သွားမယ်ဆိုလို့ ရှိရင် (၁၅)မိနစ်၊ မိနစ်(၂၀)နှင့် ရောက်နိုင်ပေမယ့်လို့ အခုတော့ (၁)နာရီနီးပါးလောက် သွားလာနေရပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျတဲ့၊ နွမ်းကွေးတဲ့ ကျွန်တော့်မြို့ငယ်လေးကို စောင့်ရှောက်သောအားဖြင့် ဒီလမ်းနှစ်လမ်းကို (၁၂)ပေအကျယ်ကနေမှ (၁၈)ပေအကျယ်လမ်းအထိ တစ်ဆင့်တိုးမြှင့် ချဲ့ထွင်ပေးဖို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီးအတွင်းရှိ ချောက်၊ စလေ၊ ပခန်းငယ်၊ ကျောက်ရဲ၊ ရေနံချောင်းတို့ကို ဖောက်လုပ်ထားသော မြို့ချင်းဆက်လမ်းအား ကတ္တရာခင်းခြင်း၊ ကျောက်ချောခင်းခြင်း၊ လမ်းပြုပြင် ထိန်းသိမ်းခြင်းများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က မကွေးတိုင်းဒေသကြီးအတွင်းရှိ ချောက်၊ စလေ၊ ပခန်းငယ်၊ ကျောက်ရဲ၊ ရေနံချောင်းတို့ကို ဖောက်လုပ်ထားသော မြို့ချင်းဆက်လမ်းအား ကတ္တရာခင်းခြင်း၊ ကျောက်ချောခင်းခြင်း၊ လမ်းပြုပြင် ထိန်းသိမ်းခြင်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အခမ်းအနားမှူးအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်

ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ချောက်၊ ရေနံချောင်းကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်း ကတော့ ချောက်၊ စလေ၊ ပခန်းငယ်၊ ကျောက်ရဲ၊ ရေနံချောင်းကို မြို့ချင်းဆက်လမ်းတစ်လမ်းဖြစ်ပါတယ်။ အဲဒီမှာ ကတ္တရာခင်းခြင်း၊ ကျောက်ချောခင်းခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းများကို ကျွန်တော်တို့ ပြုလုပ်ပေးနိုင်ပါ့မလားလို့ ကျွန်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနကို မေးမြန်းထားခြင်း ဖြစ်ပါတယ်။

အဲဒီလမ်းပိုင်းမှာဆိုလို့ရှိရင် ချောက်နဲ့မိုလာက ကျွန်တော်တို့ BOT နဲ့ပေးထားတဲ့လမ်း ဖြစ်ပါတယ်။ မိုလာကနေပြီးတော့ စလေကျတော့ ကျွန်တော်တို့က ပိုက်ဆံငှားလမ်းဖြစ်ပါတယ်။ ဒီဘက် စလေ ကနေ ပခန်းငယ်လမ်းပိုင်း (၃)မိုင်နှင့် (၃)ဖာလုံက ကတ္တရာလမ်း ဖြစ်ပါတယ်။ (၅)မိုင်နှင့် (၃)ဖာလုံ ကကျတော့ ကျွန်တော်တို့ ကျောက်ချောခင်းထားပါတယ်။ ပခန်းငယ်နှင့် ကျောက်ရဲလမ်းပိုင်းမှာကျ တော့ (၁၃)မိုင်နှင့် (၄)ဖာလုံက ကျောက်ကြမ်းခင်းထားပါတယ်။ စလေ-အိုးဘိုလမ်း (၂)မိုင်နှင့် (၆)ဖာလုံ ကလည်း ကျောက်ကြမ်းခင်းထားပါတယ်။ အဲဒီထဲမှာ ကွန်ကရစ်ရေကျော်တွေလည်း ကျွန်တော်တို့က လုပ်ပြီးသားဖြစ်ပါတယ်။ အဲဒီလမ်းက လမ်းဦးစီးဌာနရဲ့ ကျေးလက်လမ်းဦးစီးဌာနပိုင် လမ်းတစ်လမ်း လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အိုးဘိုကနေပြီးတော့ ရေနံချောင်းအထိ (၄)မိုင်နှင့် (၂)ဖာလုံက ကျတော့ ကျွန်တော်တို့ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ ကျွန်တော် ပေ(၆၀)အကျယ်ကို လမ်းပိုင်းပေ(၆၀) အကျယ်မှာ ပေ(၂၀)က ကျွန်တော်တို့ ကျောက်ရောမြေ ကြိတ်ခင်းပြီးသား ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်က ၂၀၁၈-၂၀၁၉ မှာ ဒီလမ်းကို ကျောက်ချောခင်းခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း၊ ကတ္တရာခင်းခြင်းများ ပြုလုပ်ပေးနိုင်ပါ့မလားလို့ ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီလမ်းဟာဆိုလို့ရှိရင် လမ်းပိုင်းတစ်လျှောက်လုံးဟာ ဒီ သာသနာရေးဝန်ကြီးဌာနကနေ ပြီးတော့ ထိန်းသိမ်းထားတဲ့ ပုဂံရှေးဟောင်းအမွေအနှစ်တွေရှိနေတဲ့ လမ်းတစ်လမ်းလည်း ဖြစ်ပါတယ် ခင်ဗျား။ အဲဒီအပေါ်မှာ ကျွန်တော်တို့ ကျေးရွာပေါင်း(၁၅)အုပ်စုလောက်က အိမ်ခြေအုပ်စုပေါင်းက ရွာပေါင်း(၄၀)ကျော်လောက်က ကျွန်တော်တို့ နေ့စဥ် ဖြတ်သန်းပြီးတော့ သွားနေကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းကို ကျွန်တော်တို့က အဆင့်မြှင့်တင်ပေးနိုင်မယ်ဆိုလို့ရှိရင် သာသနာရေးဝန်ကြီး ဌာနက ထိန်းသိမ်းထားတဲ့ ရှေးဟောင်းအမွေအနှစ် သမိုင်းဝင်စေတီများရှိနေတဲ့ဒေသဖြစ်တဲ့အတွက် စလေရယ် ပခန်းငယ်၊ ကျောက်ရဲ၊ စလယ်ဟာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှု များပြားပြီးတော့ ဝင်ငွေ ပိုမိုတိုးတက်လာမှာလည်း ဖြစ်ပါတယ်။ ကတ္တရာလမ်း အဆင့်မြှင့်တင်ပေးခြင်း အားဖြင့်လည်း ကျေးရွာပေါင်း(၂၅)ရွာ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက် လာမှာဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဒီလမ်းကို အဆင့်မြှင့်တင်ပေးနိုင်ပါ့မလားလို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မကွီအိမ်နူးမြို့ကို မြို့တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အမြန်ဆုံး မြို့ပြစီမံကိန်းရေးဆွဲရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြို့ပြစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမူဘောင်ဖြစ်သည့် ဒေသအနှံ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အခြေခံ၍ လူဦးရေတစ်သိန်းအထက် မြို့ကြီးများ၊ လူဦးရေငါးသောင်းအထက်ရှိမြို့ကြီးများ၊ လူမှုစီးပွားရေးအရ ဖွံ့ဖြိုးမှုအလားအလာအများဆုံးရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေး မြို့တော်များ၊ စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ မြို့ကြီးများ၊ မြို့ငယ်များ၊ အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်း ကွန်ရက်အတွင်းရှိ လမ်းဆုံမြို့များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် စီပွားရေးဖွံ့ဖြိုးမှုအတွက် ထူးခြားသောအခွင့်အလမ်းရှိသည့် မြို့ပြဒေသများအား ဦးစားပေးပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း သဘောထားပုံစံများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

မြို့ပြစီမံကိန်းများ၊ ကျေးရွာစီမံကိန်းများရေးဆွဲရာတွင် လူဦးရေ၊ တည်နေရာ၊ အကျယ်အဝန်း မြေမျက်နှာသွင်ပြင်နှင့် ပထဝီဝင်အနေအထား လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လက်ရှိအိမ်ရာအဆောက်အအုံများ၏ အခြေအနေ၊ သဘာဝအရင်းအမြစ်များနှင့် ထူးခြားသည့် ဝိသေသလက္ခဏာများ ဥပမာ သမိုင်းဝင်မြို့၊ ခရီးသွားလုပ်ငန်းအထူးပြုမြို့၊ အုပ်ချုပ်မှုမြို့၊ နယ်စပ်ကုန်သွယ်ရေးမြို့ စသည့်အချက်များကို အဓိက ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းမြို့ပြ စီမံကိန်းရေးဆွဲမည့် ဒေသ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ နှင့် အရင်းအမြစ်များ၊ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ မူဝါဒနှင့် အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ လက်ခံနိုင်မှု အခြေအနေများအပေါ် မူတည်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်ကိုက်ညီအောင် ရေးဆွဲရခြင်းကြောင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းအဆင့်ဆင့်တွင် ဒေသခံပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးတဲ့ အပိုင်းမှာ ပါဝင်လျက်ရှိပါတယ်။

ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၃၁-၃-၂၀၁၆ ရက်နေ့အထိ စုစုပေါင်း မြို့ပေါင်း(၈၁)မြို့ ကျွန်တော်ရေးဆွဲခဲ့ပြီးတော့ ၁-၄-၂၀၁၆ ရက်နေ့မှ ယနေ့အထိ ကျွန်တော်တို့

မြို့ပေါင်း(၂၉)မြို့ကို ရေးဆွဲပြီး ဖြစ်တဲ့အတွက် စုစုပေါင်း မြို့ပေါင်း(၁၁၀)မြို့ကို ရေးဆွဲခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ (၁၁၀)မြို့ ရေးဆွဲခဲ့ပြီးတဲ့အထဲမှာမှ သက်ဆိုင်ရာဝန်ကြီးချုပ်များကနေပြီးတော့ ပြန်လည် Review လုပ်ပြီးတော့ ပြန်လည်ရေးဆွဲပေးပါ ဆိုတဲ့အတွက် ကျွန်တော်တို့ မန္တလေး၊ ပဲခူး၊ မော်လမြိုင်၊ ဟားခါး၊ ပုသိမ်၊ မုံရွာ၊ မြစ်ကြီးနား၊ ရန်ကုန် အစရှိတဲ့ မြို့တွေကိုတော့ ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီးတော့ ပြန်လည်ပြီး Review ပြန်လုပ်ပြီးတော့ အသစ်ပြန်လည်ရေးဆွဲခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်မှာ မြို့ပေါင်း စုစုပေါင်း(၁၇)မြို့ ရှိတဲ့ အနက်မှာ ဟားခါး၊ မတူပီ၊ မင်းတပ်၊ ဖလန်း၊ ပလက်ဝမြို့(၅)မြို့ ရေးဆွဲထားပြီးတော့ စုစုပေါင်းမြို့ (၁၂)မြို့ ရေးဆွဲရန် ကျန်ရှိပါတယ်။ ယခု တင်ပြလာတဲ့ မကွီအိမ်နူးမြို့ အနေနဲ့ကတော့ စုစုပေါင်း ဧက (၁၇၂၁၁)ဧက ကျယ်ဝန်းပြီးတော့ လူဦးရေ (၁၁၈၂)ဦးသာ ရှိတဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဦးစားပေး(င)အဆင့် သတ်မှတ်ချက် မြို့ဖြစ်တဲ့အတွက် လောလောဆယ်မှာတော့ ရေးဆွဲဖို့ အစီအစဉ် မရှိသေးပါဘူးခင်ဗျား။ သို့သော်လည်းပဲ မင်းတပ်မြို့နယ်၊ မကွီအိမ်နူးမြို့ပြကို မြို့ပြစီမံကိန်းရေးဆွဲဖို့အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဦးစားပေးဆောင်ရွက်ပေးဖို့ အကြောင်းကြားလာလို့ရှိရင်တော့ ကျွန်တော့်အနေနဲ့ မြို့ပြပညာရှင်များကို စေလွှတ်ပြီးတော့ ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ မော်ဟွေ့ - နောင်ဟော့ ကွင်းအမှတ်(၁၁) ကုန်ထုတ်လမ်း (၃)မိုင် (၄)ဖာလုံနှင့် ဟင်းနား - မော်ဟွေ့ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း (၃)မိုင် (၁)ဖာလုံတို့ကို ရာသီမရွေး ဆက်သွယ်သွားလာ အသုံးပြုနိုင်မည့် ကျောက်ချောလမ်းများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မော်ဟွေ့-နောင်ဟော့ရွာ၊ ကွင်းအမှတ်(၁၁) ကုန်ထုတ်လမ်း (၃)မိုင် (၄)ဖာလုံနှင့် ဟင်းနားရွာ၊ မော်ဟွေ့ရွာ၊ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း (၃)မိုင် (၁)ဖာလုံတို့အား ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးအား မြေပြင်အခြေအနေကို သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းစာရင်းတွင် ပါဝင်သတ်မှတ်ထားခြင်း မရှိသေးကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ကုန်ထုတ်လမ်းများအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်း ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဦးစွာ တင်ပြပြီးတော့ လမ်းလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးတော့ ခွင့်ပြုချက်ရရှိပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းစာရင်းတွင် ထည့်သွင်းသတ်မှတ်ပြီးတော့ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမှ မေးမြန်းထားတဲ့ ရွှေဘိုမြို့မှ

မြစ်ကြီးနားမြို့သို့သွားရာ ဗျူဟာလမ်းမကြီးနှင့် ခင်ဦးမြို့သို့ ဆက်သွယ်ထားတဲ့လမ်း (၆)မိုင် (၄)ဖာလုံနှင့် ခင်ဦးမြို့နှင့် ရေဦးမြို့သို့ ဆက်သွယ်ထားသော မြို့လမ်း(၁၂)မိုင် (၃)ဖာလုံတို့အား (၁၂)ပေအကျယ်မှ (၁၈)ပေအကျယ် လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်းမှ ခင်ဦးမြို့သို့ ဆက်သွယ်သည့် မြေနီလှိုု-ခင်ဦးလမ်းအပိုင်းဟာ ခင်ဦး-သင်ပေါင်းကားလမ်းရဲ့ မိုင်တိုင်(၀/၀)မှ (၇/၀)အထိ (၇)မိုင် ရှည်လျားပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၈ ရက်နေ့ လမ်းအခြေအနေကတော့ (၁၈)ပေအကျယ် (၁)မိုင်၊ (၁)ဖာလုံနှင့် (၁၂)ပေအကျယ် (၅)မိုင်၊ (၇)ဖာလုံရှိပြီး စုစုပေါင်း(၇)မိုင် ဖြစ်ပါတယ်။ အဆိုပါလမ်းအပိုင်းအား ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လရန်ပုံငွေတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ကျပ်(၈.၁၉)သန်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီးတော့ (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ တင်ပြခဲ့သော်လည်းပဲ ကန့်သတ်ချက်အရ ရန်ပုံငွေခွဲဝေရရှိခြင်း မရှိတဲ့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ဆက်လက်တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ရေဦး-ခင်ဦးကားလမ်းကတော့ မိုင်တိုင်(၀/၅)မှ (၁၃)အထိ (၂)မိုင်၊(၃)ဖာလုံ ရှည်လျားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၈ ရက်အခြေအနေအရတော့ (၁၈)ပေအကျယ် (၁)မိုင်နှင့် (၁၂)ပေအကျယ် (၁၁)မိုင်၊ (၃)ဖာလုံဖြစ်ပြီး စုစုပေါင်း လမ်းအရှည်(၁၂)မိုင်၊ (၃)ဖာလုံဖြစ်ပါတယ်။ ရေဦး-ခင်ဦးလမ်းမှာ ၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီမှ စက်တင်ဘာလ (၆)လအထိ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သာမန်ရန်ပုံငွေ ကျပ်(၃၄.၄၈)သန်းဖြင့် Box Culvert (၃)စင်းတည်ဆောက်ခြင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သာမန်ရန်ပုံငွေ ကျပ်(၅၃.၉၅)သန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် (၄)ဖာလုံနှင့် လမ်းပိုင်းသာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားတင်ပြထားပါကြောင်းနှင့် (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက်ကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ပြီးတော့ ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း မှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ချောက်၊ စလေ၊ ပခန်းငယ်၊ ကျောက်ရဲ၊ ရေနံချောင်းတို့ကို ဖောက်လုပ်ထားသော မြို့ချင်းဆက်လမ်းအား ကတ္တရာခင်းခြင်း၊ ကျောက်ချောခင်းခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ချောက်၊ စလေ၊ ပခန်းငယ်၊ ကျောက်ရဲ၊ ရေနံချောင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မြို့ချင်းဆက်လမ်းပိုင်းတွင် ချောက်မှ စလေအထိလမ်းပိုင်းအား လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီး စလေ၊ ပခန်းငယ်၊ ကျောက်ရဲ၊ ရေနံချောင်းအပိုင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ချောက်မှ စလေအပိုင်းတွင် နှင်းသဇင်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်သော ဝွေးချို-ချောက်လမ်းပိုင်း၏ ချောက်မှ မိုလာအထိ လမ်းအရှည် (၅)မိုင်၊ (၁)ဖာလုံသည် (၁၈)ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး ကြေးနီ-မိုလာ-စလေ လမ်းပိုင်း၏ မိုလာမှ စလေအထိ လမ်းအရှည် (၉)မိုင်၊ (၁)ဖာလုံသည် (၁၈)ပေအကျယ် ကတ္တရာလမ်းဖြစ်ပါတယ်။ ချောက်မှ စလေအထိ စုစုပေါင်းလမ်းအရှည် (၁၄)မိုင်၊ (၂)ဖာလုံသည် ကတ္တရာလမ်းဖြစ်ပြီး လမ်းအခြေအနေ ကောင်းမွန်လျက်ရှိပါသည်။

ချောက်မှ မိုလာလမ်းပိုင်းအား BOT ကုမ္ပဏီမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၁၈)ပေအကျယ်မှ (၂၄)ပေအကျယ်အထိ ကတ္တရာလမ်းချဲ့ရန် လျာထားပြီး မိုလာမှ စလေလမ်းပိုင်းအား လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၆/၀)မှ (၇)အထိ လမ်းပခုံးပဲ့ကျနေသည့် နေရာများမှာ လမ်းတာပေါင်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စလေ-ပခန်းငယ်-ကျောက်ရဲ-စလယ်-အိုးဘို လမ်းပိုင်းသည် ကတ္တရာလမ်း(၃)မိုင်၊ (၃)ဖာလုံ ကျောက်လမ်း (၂၁)မိုင်၊ (၅)ဖာလုံ စုစုပေါင်း(၂၅)မိုင်ရှိပြီး အိုးဘို-ပင်းဝ-ချောင်းမကြီး-သုံးဆယ့်ခြောက်-ရေနံချောင်း မြေသားလမ်း စုစုပေါင်း(၄)မိုင်၊ (၂)ဖာလုံ ရှိပါတယ်။ အဆိုပါလမ်းပိုင်းများကိုတော့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ချောက်မြို့နယ်ရှိ စလေ-ပခန်းငယ် ကတ္တရာလမ်းရေတိုက်စားမှုကြောင့် လမ်းပခုံးပျက်စီးသွားခြင်းအား ကျောက်နီကျောက်စရစ်ဖို့ပြုပြင်ခြင်းလုပ်ငန်း လမ်းအရှည်(၂၁၂၀၀)ကုဗပေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့ပြီး စလေ-ပခန်းငယ်-ကျောက်ရဲ- အိုးဘိုလမ်း (၁၁)မိုင်၊ (၁)ဖာလုံအား လမ်းတာပေါင်အကျယ် (၂၀)ပေရရှိရန် ကျောက်ရောမြေ ခင်းကြိတ်ခြင်း လုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ ထည့်သွင်းလျာထားထားပြီး ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများအပြင် ၎င်းလမ်းပေါ်ရှိ သေခဲလှ ဘေလီတံတား အရှည်(၇၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈ ခုနှစ်၊ ဧပြီမှ စက်တင်ဘာ အထိ(၆)လ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်(၁၄၀)သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ရေနံချောင်းမြို့နယ်ရှိ အိုးဘို-ပင်းဝ-ချောင်းမကြီး-သုံးဆယ့်ခြောက်-ရေနံချောင်းပိုင်း (၄)မိုင် (၂)ဖာလုံ မြေသားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် (၁၀၀)ပေ ကွန်ကရစ်ရေကျော်(၁)စင်း၊ (၅ x ၅ x ၃၀)ပေ Box Culvert (၃)စင်းတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီမှ စက်တင်ဘာအထိ(၆)လ တိုင်းဒေသကြီး သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၁၅)သန်းဖြင့် မြေနီကျောက်စရစ် (၆)လက်မထုခင်းခြင်း လုပ်ငန်းအား ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်ရှိ လမ်းပိုင်း (၂)ခုအား လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ယခု တင်ပြသွားခဲ့သည့်အတိုင်း

လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း ဘဏ္ဍာငွေ ဆက်လက်လျာထားပေးသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ကျွန်တော့်ကို ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၃၉၃

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ၊ ဇူလိုင်လ ၁၀ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၃-၆-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား

လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၀-၆-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်း ခဲ့ပါတယ်။

## လေ့လာတွေ့ရှိချက်

၂။ ကော်မတီရဲ့လေ့လာတွေ့ရှိချက်အနေနဲ့ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာ စိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါ ကြောင်း လေ့လာတွေ့ရှိရပါတယ်။

## ကော်မတီ၏သဘောထားမှတ်ချက်

၃။ ကော်မတီရဲ့ သဘောထားမှတ်ချက်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံ ဖြည့်စွက်ပြင်ဆင်ရန် မရှိတော့ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသား လွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃၀-၇-၂၀၁၈ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂ အပိုဒ်ခွဲ(စ)မှာ ဖော်ပြထားတဲ့ ပုဒ်မခွဲ(ဗ)၊ အပိုဒ် ၃၊ အပိုဒ် ၆၊ အပိုဒ် ၉ ရဲ့ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၇ မှာ ဖော်ပြထားတဲ့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၈၃ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ အပိုဒ်ခွဲ(စ) တွင် ဖော်ပြထားသော ပုဒ်မခွဲ (ဗ)၊ အပိုဒ် ၃၊ အပိုဒ် ၆၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၇ တွင် ဖော်ပြထားသည့် ပုဒ်မ ၈၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၈ ရဲ့ခြေဆင်း၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၉၆၊ ပုဒ်မခွဲ(ဂ) ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ တွင် ဖော်ပြထားသည့် ပုဒ်မ ၉၆(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၃ ကိုတော့ လိုအပ်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်ပြီးတော့ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ဒီနေ့ဆောင်ရွက်ပြီးတဲ့ ပြင်ဆင် ဖြည့်စွက်ချက်များမှအပဖြစ်တဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင် ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဥက္ကဋ္ဌ**။　　။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။　　။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးမော်သန်း (ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့၊ တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်သို့ ကျွန်တော်တင်သွင်းခဲ့သော မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးကျော်တုတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းလာခြင်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်တုတ် က အလေးအနက် ထောက်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၀း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]